# တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုများ နှင့်စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ

## (Typology Report)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုများ နှင့်စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ

**(Typology Report)**

၂၀၂၂ ခုနှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | ၁ |
| ၂ | တရားမဝင်သစ် ခိုးထုတ်မှု ပပျောက်စေရေးအတွက် တားဆီးထိန်းချုပ်ခြင်း ဆောင်ရွက်လျက်ရှိသော နည်းလမ်းများ | ၁ | ၂ |
| ၃ | တရားမဝင်သစ်များ ခိုးယူသယ်ဆောင်သည့် နည်းလမ်းများ | ၂ | ၂ |
| ၄ | တရားမဝင်သစ်များ အဖွဲ့အစည်းအလိုက် ဖမ်းဆီးရမိမှု အခြေအနေ | ၂ | ၃ |
| ၅ | သစ်တောမှုခင်းဖြစ်ပွားမှုစာရင်း | ၃ | ၃ |
| ၆ | သစ်တောမှုခင်းများနှင့်ပတ်သက်၍ အမှုဖွင့်/ တရားစွဲ/ ပိတ်သိမ်းမှု/ သိမ်းဆည်းရမိသည့် ပစ္စည်းများ | ၄ | ၄ |
| ၇ | သစ်တောဦးစီးဌာန ဖမ်းဆီးရမိ သစ်နှင့် သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ သိမ်းဆည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | ၄ | ၅ |
| ၈ | ပြည်ပသို့ တရားမဝင်သစ် ခိုးထုတ်သယ်ယူမှုအပေါ် ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖြစ်စဉ်များ | ၅ | ၆ |
| ၉ | တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော သစ်တောမှုခင်း | ၆ | ၇ |
| ၁၀ | သုံးသပ်တင်ပြချက် | ၇ | ၈ |
| ၁၁ | နိဂုံး | ၈ | ၈ |

# တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ သယ်ဆောင်ရောင်းဝယ်မှုများ နှင့်စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ

## (Typology Report)

**နိဒါန်း**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောမူဝါဒ (၆)ရပ်နှင့် အညီ သစ်တောများတည်ထောင်ထိန်းသိမ်းပြုစုခြင်း လုပ်ငန်းများအပြင် တရားမဝင်သစ် ခိုးယူ/ ခုတ်လှဲ၊ ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ခြင်းများ လျော့နည်းပပျောက်စေရေး စဉ်ဆက်မပြတ် ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းအား အဓိက တာဝန်ကြီးများအနေဖြင့် ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။

**တရားမဝင်သစ် ခိုးထုတ်မှု ပပျောက်စေရေးအတွက် တားဆီးထိန်းချုပ်ခြင်း ဆောင်ရွက်လျက်ရှိသော နည်းလမ်းများ**

၂။ တရားမဝင်သစ် ဖမ်းဆီးရေးကို အောက်ဖော်ပြပါ နည်းလမ်း(၈)မျိုးဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) သစ်တောဦးစီးဌာန၊ မြို့နယ်/ခရိုင် အစီအစဉ်ဖြင့် ပုံမှန်/ ရှောင်တခင် ရှာဖွေ ဖော်ထုတ်ဖမ်းဆီးခြင်း၊

( ခ) ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် လစဉ် စစ်ကြောင်းပုံစံဖြင့် တရားမဝင်သစ် ရှာဖွေ ဖော်ထုတ်ဖမ်းဆီးခြင်း၊

( ဂ) သတင်းရရှိမှုအပေါ် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ကွင်းဆင်း စစ်ဆေးဖမ်းဆီးခြင်း၊

(ဃ) အဓိကမြစ်ကြောင်းများဖြစ်သော ချင်းတွင်းနှင့် ဧရာဝတီမြစ်ကြောင်း စိုးမိုးရေး စစ်ကြောင်းအသွင်ဖြင့် ရှာဖွေဖမ်းဆီးခြင်း၊ ပင်လယ်ထွက်ပေါက်များအား စီမံချက် ဖြင့် စောင့်ကြပ်ဖမ်းဆီးခြင်း၊

( င) တပ်မတော်/ တပ်ရင်းတပ်ဖွဲ့များ၊ အခြားဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း ဖမ်းဆီးခြင်း၊

( စ) ပြည်နယ်၊ တိုင်းဒေသကြီး (၈)ခု၊ ခရိုင် (၂၁)ခုတွင် ဖြန့်ခွဲထားရှိသည့် သစ်တော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဖမ်းဆီးခြင်း၊

(ဆ) ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှစ၍ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS)ဖြင့် သတင်းရယူဖမ်းဆီးခြင်း၊

( ဇ) သစ်တောနယ်မြေအတွင်း တရားမဝင်သစ် ခိုးထုတ်နိုင်သည့် လမ်းကြောင်းများအား ဖျက်ဆီးဆောင်ရွက်ခြင်း။

**တရားမဝင်သစ်များ ခိုးယူသယ်ဆောင်သည့် နည်းလမ်းများ**

၃။ တရားမဝင်သစ်များအား အောက်ပါ နည်းလမ်း(၅)မျိုးဖြင့် ခိုးယူသယ်ဆောင်လျက်ရှိပါသည်-

(က) တရားဝင် စာရွက်စာတမ်းများကို အထောက်အထားပြု၍ တရားမဝင်သစ်များ သယ်ယူခြင်း၊ (ဘီလ်ပြေစာ၊ သစ်လုပ်ငန်းပြေစာ၊ မျှောစာများဖြင့် တရားမဝင်သစ်များ သယ်ယူခြင်း)

( ခ) တရားမဝင်သစ်များ ဖမ်းဆီးရမိပြီးမှသာ တရားဝင် စာရွက်စာတမ်းများ ရှာဖွေပြသ၍ တရားဝင်သစ်အဖြစ် ပြောင်းလဲခြင်း၊

( ဂ) မော်တော်ယာဉ်၊ ရေယာဉ်များပေါ်တွင် တရားမဝင်သစ်များအား ဆန်အိတ်၊ ဖွဲအိတ်၊ ကျောက်မီးသွေး၊ ဟင်းသီးဟင်းရွက်၊ သံထည်အဟောင်းပစ္စည်း စသည်များ ဖုံးကွယ်၍ သယ်ဆောင်ခြင်း၊ ဆီဘောက်ဆာ၊ ကွန်တိန်နာယာဉ်အား အသွင်ပြောင်းသယ်ဆောင်ခိုးထုတ်ခြင်း၊

(ဃ) ဝန်ထမ်းများ လုံခြုံရေးအခြေအနေအရ သွားလာစစ်ဆေးရန် အကန့်အသတ်ရှိမှု အပေါ် အခွင့်ကောင်းယူ၍ တရားမဝင်သစ်များ ခိုးယူခုတ်လှဲသယ်ဆောင်ခြင်း၊

( င) ပင်လယ်ထွက်ပေါက်နေရာများမှတစ်ဆင့် ရေလမ်းကြောင်းများကို အသုံးပြု၍ ပြည်ပနိုင်ငံများသို့ တရားမဝင်သစ်များ ခိုးယူသယ်ဆောင်ခြင်း။

**တရားမဝင်သစ်များ အဖွဲ့အစည်းအလိုက် ဖမ်းဆီးရမိမှု အခြေအနေ**

၄။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ (ဧပြီလမှ အောက်တိုဘာလအထိ) ဖမ်းဆီးရမိ တရားမဝင်သစ် စုစုပေါင်း (၅၃၆၄.၂၈၂၃)တန်အား အဖွဲ့အစည်းအလိုက် ဖမ်းဆီးရမိမှု အခြေအနေ




| | |
|---|---|
| တပ်မတော် – | (၆၅၆.၅၂၈၆)တန် |
| မြန်မာနိုင်ငံရဲတပ်ဖွဲ့- | (၁၀၆.၄၂၂၄)တန် |
| အကောက်ခွန်- | (၀.၃၈၆၀)တန် |
| သစ်တောဦးစီးဌာန- | (၄၆၀၀.၉၅၄၃)တန် |
| **စုစုပေါင်း** | (၅၃၆၄.၂၈၂၃)တန် |

**သစ်တောမှုခင်းဖြစ်ပွားမှုစာရင်း**

၅။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအထိ သစ်တောအရာရှိကစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အမှု (၅၃၅၇)မှု၊ တရားစွဲမှု (၁၁၉၁)မှု၊ စုစုပေါင်း

သစ်တောမှုခင်း (၆၅၄၈)မှု ဖြစ်ပွားခဲ့ပြီး အဆိုပါ နှစ်များအတွင်း လအလိုက် သစ်တောမှုခင်းဖြစ်ပွားမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လ | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|---|
| | | သစ်တောအရာရှိက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်အမှု | တရားစွဲမှု | သစ်တောအရာရှိက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်အမှု | တရားစွဲမှု |
| ၁ | ဇန်နဝါရီ | ၈၈၀ | ၁၃၂ | ၄၃၃ | ၇၅ |
| ၂ | ဖေဖော်ဝါရီ | ၁၀၁ | ၂၇ | ၂၆၆ | ၅၄ |
| ၃ | မတ် | ၆၅ | ၃၀ | ၂၇၈ | ၆၇ |
| ၄ | ဧပြီ | ၂၃၆ | ၅၈ | ၃၉၇ | ၄၈ |
| ၅ | မေ | ၂၅၅ | ၇၉ | ၁၆၃ | ၇၂ |
| ၆ | ဇွန် | ၁၈၃ | ၇၂ | ၁၈၄ | ၅၁ |
| ၇ | ဇူလိုင် | ၁၇၉ | ၂၉ | ၁၉၈ | ၄၆ |
| ၈ | ဩဂုတ် | ၁၄၁ | ၄၂ | ၁၈၀ | ၄၉ |
| ၉ | စက်တင်ဘာ | ၁၉၃ | ၄၁ | ၁၆၀ | ၅၃ |
| ၁၀ | အောက်တိုဘာ | ၂၂၃ | ၃၃ | ၂၅၉ | ၃၂ |
| ၁၁ | နိုဝင်ဘာ | ၁၉၂ | ၅၂ | - | - |
| ၁၂ | ဒီဇင်ဘာ | ၁၉၁ | ၄၉ | - | - |
| စုစုပေါင်း | | ၂၈၃၉ | ၆၄၄ | ၂၅၁၈ | ၅၄၇ |

**သစ်တောမှုများနှင့်ပတ်သက်၍ အမှုဖွင့်/ တရားစွဲ/ ပိတ်သိမ်းမှု/ သိမ်းဆည်းရမိသည့် ပစ္စည်းများ**

၆။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ တရားမဝင်သစ် (ကျွန်း၊ သစ်မာ၊ အခြား) (၁၉၈၆၂.၄၈၆၆)တန်၊ ကား (၁၁၇၀)စီး ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ နှစ်များအတွင်း လအလိုက် ဖမ်းဆီးရမိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လ | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | သစ်(တန်) | ကား(စီး) | သစ်(တန်) | ကား(စီး) | |
| ၁ | ဇန်နဝါရီ | ၂၉၇၇.၃၂၈၀ | ၉၅ | ၂၀၆၆.၈၇၀၂ | ၆၉ | |
| ၂ | ဖေဖော်ဝါရီ | ၅၂၈.၉၃၇၀ | ၃၂ | ၁၃၉၁.၆၄၆၂ | ၅၁ | |
| ၃ | မတ် | ၃၀၂.၇၆၁၉ | ၃၂ | ၁၃၅၅.၆၀၆၉ | ၅၁ | |
| ၄ | ဧပြီ | ၁၁၇၂.၁၃၀၁ | ၆၁ | ၁၃၁၉.၀၄၀၉ | ၆၆ | |
| ၅ | မေ | ၉၃၆.၁၀၁၆ | ၇၄ | ၇၅၃.၁၄၁၇ | ၅၀ | |
| ၆ | ဇွန် | ၆၉၈.၀၂၈၀ | ၈၉ | ၄၇၈.၃၄၇၅ | ၃၅ | |
| ၇ | ဇူလိုင် | ၄၁၀.၉၇၁၃ | ၄၆ | ၁၀၃၇.၃၆၈၀ | ၄၁ | |
| ၈ | သြဂုတ် | ၇၁၈.၀၀၄၇ | ၄၃ | ၆၁၅.၄၀၂၂ | ၅၂ | |
| ၉ | စက်တင်ဘာ | ၄၇၉.၇၀၃၂ | ၅၁ | ၅၃၆.၇၉၄၃ | ၅၈ | |
| ၁၀ | အောက်တိုဘာ | ၄၁၄.၀၉၅၄ | ၅၂ | ၆၂၄.၁၉၇၇ | ၂၃ | |
| ၁၁ | နိုဝင်ဘာ | ၄၉၀.၈၇၆၅ | ၅၁ | - | - | |
| ၁၂ | ဒီဇင်ဘာ | ၅၅၅.၁၃၃၃ | ၄၈ | - | - | |
| စုစုပေါင်း | | ၉၆၈၄.၀၇၁၀ | ၆၇၄ | ၁၀၁၇၈.၄၁၅၆ | ၄၉၆ | |

**သစ်တောဦးစီးဌာန ဖမ်းဆီးရမိ သစ်နှင့် သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ သိမ်းဆည်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၇။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၃(က)(၁)ပါ ပြဋ္ဌာန်းချက်အရ သစ်တောဦးစီး ဌာနမှ စီမံခန့်ခွဲရေးနည်းလမ်းအရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်း၊ {(၁)တန်အောက် ကျွန်းနှင့် တားမြစ်သစ် ဖမ်းဆီးရမိခြင်း}

( ခ) ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ အခန်း(၁၂)ပါ ရဲအရေးပိုင်သော သစ်တောဥပဒေပုဒ်မ- ၄၁၊ ၄၂၊ ၄၃ ပါ ပြဋ္ဌာန်းချက်များအရ (၁)တန်နှင့်အထက် ကျွန်း၊ သစ်မာ၊ အခြား သစ်များ ခုတ်လှဲပိုင်းဖြတ်ခြင်း၊ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း တွေ့ရှိဖမ်းဆီးရမိ ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြား၍

တရားစွဲဆိုခြင်းနှင့် တရားရုံးမှ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ- ၄၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်သေခံ ဖမ်းဆီးရမိပစ္စည်းများ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်း။

**ပြည်ပသို့ တရားမဝင်သစ် ခိုးထုတ်သယ်ယူမှုအပေါ် ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖြစ်စဉ်များ**

၈။ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများအား ငုတ်ရင်းနေရာများမှ လူ/ ကျွဲ/ နွား တိရစ္ဆာန်များဖြင့် ရေလမ်း/ ကားလမ်းပေါက်သည့် နေရာသို့ သယ်ယူပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များ၊ ရေယာဉ်များ အသုံးပြု၍ နည်းလမ်းမျိုးစုံဖြင့် ပင်လယ်ထွက်ပေါက်နေရာများသို့ သယ်ယူစုပုံလျက် ကုန်သေတ္တာများအတွင်း ထည့်သွင်း၍ ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းအပေါ် ပူးပေါင်းအဖွဲ့ဖြင့် သတင်းဖော်ထုတ်ဖမ်းဆီးရမိခြင်း ဖြစ်စဉ်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**Case Study 1: ကုန်သေတ္တာများတွင် ထည့်သွင်း၍ သယ်ဆောင်ခြင်း**

၁၈-၇-၂၀၂၂ ရက်နေ့၊ (၁၀:၀၀)နာရီအချိန် ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့်ဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာန စစ်ဆေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဆောင်သည့်ဝန်ထမ်းများနှင့် အခြားဆက်စပ်ဌာနများပါဝင်သည့် ပူးပေါင်းအဖွဲ့ ဖြင့် AWPT ဆိပ်ကမ်းတွင် တရားမဝင်သစ်များ ထည့်သွင်းထားသည်ဟု ယူဆရသော ၂၀' အရှည် ကုန်သေတ္တာ (၂)လုံးအား ဖွင့်ဖောက်စစ်ဆေးရာ တရားမဝင် ကျွန်းခွဲသား (၃၁၉)ချောင်း (၂၈.၁၈၅၃)တန် ဖမ်းဆီးရမိခြင်းဖြစ်ပါသည်။

တရားခံများသည် တရားမဝင်သစ်များ သယ်ဆောင်ရာတွင် AWPT ဆိပ်ကမ်းတွင် Greater Deltar Force ကုမ္ပဏီက ပဲတီစိမ်းအမည်ခံ၍ တရုတ်နိုင်ငံ Shanghai မြို့သို့ တင်ပို့ရန်အတွက် AWPT ဆိပ်ကမ်းအတွင်း ၁၆-၇-၂၀၂၂ ရက်နေ့ ညနေပိုင်းတွင် ယာဉ်(၂)စီးတို့ဖြင့် ၂၀' အရှည် ကုန်သေတ္တာ (၂)လုံးအား ပို့ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ယာဉ်မောင်းများနှင့် သင်္ဘောတင်ပို့ရန်ဆောင်ရွက်ပေးသူ (Agent ကိုယ်စားလှယ်)တို့မှာ အကောက်ခွန်ဦးစီးဌာနက စစ်ဆေးချိန်မတိုင်မီ ထွက်ပြေးတိမ်းရှောင်သွားသည်ဟု စုံစမ်းသိရှိရပါသည်။

အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် အခြားဆက်စပ်ဌာနများပါဝင်သည့် ပူးပေါင်းအဖွဲ့တို့မှ ဖမ်းဆီးရမိခဲ့ပါသည်။

**Case Study 2: ကုန်သေတ္တာများတွင် ထည့်သွင်း၍ သယ်ဆောင်ခြင်း**

၂၄-၇-၂၀၂၂ ရက်နေ့၊ (၁၀:၃၀)နာရီအချိန် ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မြောက်ပိုင်း ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး၊ အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးတို့ ဦးဆောင်သည့်ဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အခြားဆက်စပ်ဌာနများ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် AWPT ဆိပ်ကမ်းတွင် ၁၉-၇-၂၀၂၂ ရက်နေ့၌ အကောက်ခွန်ဦးစီး ဌာနက သတင်းရရှိ၍ သင်္ဘောတင်ပို့ရန် လာရောက်ဆောင်ရွက်သူအား ဖော်ထုတ်နိုင်ရေးအတွက် စောင့်ကြည့်ခဲ့ရာ

လာရောက်ခြင်းမရှိသဖြင့် ၎င်းသေတ္တာ(၂)လုံးအား X-Ray ဖြင့် စစ်ဆေးရာ တရားမဝင်သစ်များ ထည့်သွင်းထားသည်ဟု ယူဆရသော ၂၀' အရှည် ကုန်သေတ္တာ (၂)လုံးအား ဖွင့်ဖောက်စစ်ဆေးရာ တရားမဝင် ကျွန်းခွဲသား (၂၉၅)ချောင်း (၂၃.၅၆၉၉)တန် ဖမ်းဆီးရမိခြင်း ဖြစ်ပါသည်။

တရားခံများသည် တရားမဝင်သစ်များ သယ်ဆောင်ရာတွင် AWPT ဆိပ်ကမ်းတွင် Grester Deltar Force ကုမ္ပဏီက ပဲတီစိမ်းအမည်ခံ၍ တရုတ်နိုင်ငံ Shanghai မြို့သို့ တင်ပို့ရန်အတွက် AWPT ဆိပ်ကမ်းအတွင်း ၁၆-၇-၂၀၂၁ ရက်နေ့ ညနေပိုင်းတွင် ယာဉ် (၂)စီးတို့ဖြင့် ၂၀' အရှည် ကုန်သေတ္တာ (၂)လုံးအား ပို့ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးများနှင့် အခြားဆက်စပ်ဌာနများပါဝင်သည့် ပူးပေါင်းအဖွဲ့တို့မှ ဖမ်းဆီးရမိခဲ့ပါ သည်။

၉။ အဆိုပါ ဖမ်းဆီးရမိဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် သံသယ ဖြစ်ဖွယ်မှုခင်းအနေဖြင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဆက်လက် စိစစ်ဆောင်ရွက် လျက်ရှိပါသည်။

**တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော သစ်တောမှုခင်း**

၁၀။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၅-၂-၂၀၂၂ ရက်နေ့ (၁၅:၃၀)နာရီအချိန်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ မြန်မာ- အိန္ဒိယ ပင်လယ်ရေပြင် နယ်နိမိတ် မျဉ်းအမှတ်(၆)၏ တောင်ဘက် (၁၅.၅)မိုင်ခန့် အကွာနေရာ၌ စစ်ရေယာဉ်အမှတ်(၅၆၇)မှ ဗိုလ်မှူး မင်းသိန်း(ရေ-၄၁၉၀)ဦးစီးအဖွဲ့မှ ပိတ်ဆို့ဖမ်းဆီးစဉ် ပိတောက်ခွဲသား (၈၆၉)ချောင်း (၁၀၀.၇၈၉၆)တန် (ခန့်မှန်းတန်ဖိုး ၂၃၀.၁၂ ကျပ်သန်း)အား တိုင်းကျော်အောင် အမည်ရှိ စက်လှေ (၁)စီးနှင့်အတူ တရားခံ (၁၀)ဦးတို့အား ဖမ်းဆီးရမိခဲ့ရာ ၂၂-၂-၂၀၂၂ ရက်နေ့ ကျွန်းစုမြို့နယ်ရဲစခန်းတွင် သစ်တောဥပဒေပုဒ်မ ၄၂(က)အရ (ပ)၁၆/၂၀၂၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ကျွန်းစုမြို့နယ်တရားရုံး ရာဇ်ဝတ်ကြီးအမှတ်- ၄၂/၂၀၂၂ (၂၂-၃-၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ပါကြောင်း၊

(ခ) သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်တွင် ဖမ်းဆီးရမိထားသည့် တရားခံပါရှိသည့် တရားမဝင်သစ်ဖမ်းဆီးရမိမှု မှုခင်းဖြစ်စဉ်များအနက် ငွေကြေးခဝါချမှုနှင့် စပ်ဆိုင်မှု ရှိနိုင်သည့် သံသယဖြစ်ဖွယ်ရှိသော တရားမဝင်သစ် ဖမ်းဆီးရမိမှု ဖြစ်စဉ်အား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ၁၄-၃-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ စဆရ/၄၆/၁၅၇၈-၈၀/၂၀၂၂ ဖြင့် ပြုစုပေးပို့ခဲ့ပါကြောင်း၊ အဆိုပါ အမှုဖြစ်စဉ်အပေါ်

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို အသွင်ပြောင်းလဲ ထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်နိုင်ရန်အတွက် အဖွဲ့ခေါင်းဆောင် ဦးမိုးသန့်ဇင်(စ/၁၇၇၉)၊ ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နှင့် အဖွဲ့ဝင် (၅)ဦးတို့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အမှုအား စုံစမ်းစစ်ဆေးဆောင် ရွက်ဆဲဖြစ်ပါကြောင်း၊

**သုံးသပ်တင်ပြချက်**

၁၁။ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) သစ်တောမှုများသည် သစ်တောအရာရှိက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အမှုများနှင့် ရဲစခန်း တွင် အမှုဖွင့်တရားစွဲဆိုရသော အမှုူများဖြစ်ပါကြောင်း၊ သစ်တောမှုများ ဖမ်းဆီးချိန် တွင် ဖမ်းဆီးရမိသော တရားခံများမှာ သယ်ယူပို့ဆောင်နေသောသူများ၊ ဆက်စပ် ယာဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း/ ယာဉ်နောက်လိုက်များသာ ဖမ်းဆီးရမိပါ ကြောင်း၊ သစ်တောမှုများမှာ သယ်ယူစုပုံထားသည့် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိမှုများ၊ ဒေသလိုအပ်ချက်နှင့် စားဝတ်နေရေး အခြေအနေအရ သယ်ယူရောင်းချနေမှုများ အား အများဆုံး ဖမ်းဆီးရမိခဲ့ပါကြောင်း၊

( ခ) သစ်တောဦးစီးဌာနအနေဖြင့် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG)သို့ မြန်မာနိုင်ငံ၏ တိုးတက်မှုအစီရင်ခံစာတွင် သစ်တောမှုခင်းများဆိုင်ရာ အချက်အလက်များ ပေးပို့လျက်ရှိရာ သစ်တောမှု အရေအတွက်မှာ များပြားသော်လည်း ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် သစ်တောမှုခင်း အရေအတွက်မှာ နည်းပါးပါကြောင်း၊ ထိုသို့ နည်းပါးရခြင်းမှာ တရားမဝင်သစ် ဖမ်းဆီးရမိမှုများတွင် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိမှုများဖြစ်ခြင်း၊ သစ်တောအရာရှိမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် (၁)တန်အောက် ဖမ်းဆီးရမိမှုများ ဖြစ်ခြင်းကြောင့်ဖြစ်ပါကြောင်း၊

( ဂ) ယာဉ်များအား တရားခံနှင့်အတူ ဖမ်းဆီးရမိပြီး တရားစွဲဆိုသည့် အမှုများတွင် သစ်တောမှုစစ်ဆေးရာ၌ သစ်တောဝန်ထမ်းများအနေဖြင့် လတ်တလော ကျူးလွန်မှု အပေါ်တွင် အပြစ် ရှိ/မရှိ၊ ကွင်းဆက် တရားခံများနှင့် စတင်သယ်ယူသည့်နေရာများ Source စသည့် အချက်များဆိုင်ရာ Criminal Investigation ကိုသာ ဆောင်ရွက် နိုင်ပြီး ငွေကြေးခဝါချမှုဆိုင်ရာ နောက်ကြောင်း အချက်အလက်များနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်း (Financial Investigation)နှင့် ငွေကြေးဆိုင်ရာ စိစစ်ခြင်း (Financial Analysis) ဆောင်ရွက်နိုင်ရန် နည်းပညာ (Technical)နှင့် လုပ်ပိုင်ခွင့် (Legal Authority) အခက်အခဲများရှိပါကြောင်း။

**နိဂုံး**

၁၂။ သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ် ပမာဏ အမြောက်အများ နိုင်ငံဖြတ်ကျော်သယ်ဆောင်လုပ်ကိုင်ခြင်း၊ စီးပွားဖြစ်လုပ်ကိုင်ခြင်းများအပေါ်တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်စပ်အရေးယူနိုင်ရေးအတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အပါအဝင် ဆက်စပ်ဌာနများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာန